# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

November 14 , 2023 Volume 72, Number 10

၁၄.၁၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၄၄ US$ |
| မြန်မာ့ရွှေဈေး | = ၃၅၇၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၄၀၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၀.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၄.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၈၃.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၉.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၁၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၄၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၂၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၀၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၂၂၈ ကျပ် |

Source: CBM Rate, etrademyanmar.com

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၆-၁၁-၂၀၂၃ မှ ၁၀-၁၁-၂၀၂၃) အတွင်း ဖြစ်ပေါ်ခဲ့သော ကြက်သွန်နီနှင့်ကြက်သွန်ဖြူဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ(တစ်ပိဿာ) ဈေးနှုန်းများမှာ ၊ ဆိပ်ဖြူရှယ် ကျပ် ၃၈၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၅၀၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၃၃၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၃၈၀၀ ၊ မြင်းခြံရှယ် ကျပ် ၃၉၅၀ မြင်းခြံလတ်ကြီး ကျပ် ၃၇၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူလတ်ကြီး ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့ပြီး ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၁၀၀ ၊ မြင်းခြံလတ်သန့် ကျပ် ၁၅၀ နှင့် မြင်းခြံလတ်ချော ကျပ် ၅၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၆၃ စီး( ၃၇၈၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၂၅ စီး (၇၅၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီကားစီးရေ ၆၂ စီး (၃၇၂၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ(တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၁၄၅၀၀၊ အောင်ပန်းထူး-၂ ကျပ် ၁၁၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၁၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၂၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၂၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူဈေးများ ငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၁၂၀၀ (၃၆၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၃၁၀၀ (၉၃၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၁၉၀၀ (၅၇၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၁၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ဆောင်းဖရဲသီးများ တရုတ်နိုင်ငံသို့ လွယ်ဂျယ်နှင့်မိုင်းလားနယ်စပ်ဂိတ်ပေါက်များမှ တင်ပို့နေရ

ဆောင်းဖရဲရာသီရောက်လာပြီဖြစ်တာကြောင့် ပုံမှန်တင်ပို့နေသည့် မူဆယ်လမ်းကြောင်းမှ တင်ပို့နိုင်ခြင်းမရှိတာကြောင့် လွယ်ဂျယ်နှင့်မိုင်းလားနယ်စပ်ပေါက်များမှ တရုတ်နိုင်ငံသို့ ဖရဲသီးကားများ ပြောင်းလဲတင်ပို့လျက်ရှိသည်။

ယခင်က ဝမ်တိန်သစ်သီးကွင်းသို့ မူဆယ်၊ ကျင်စန်းကျော့ ဂိတ်ပေါက်မှတစ်ဆင့် တင်ပို့လျက်ရှိရာ ယခုအခါ ကချင်ပြည်နယ်၊ လွယ်ဂျယ်ပေါက်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံ-မိုင်းလား-တာလေ့ (ဆစ်ဆောင်ပန်းနား)ဘက်မှ ဖရဲသီးကားများ အများဆုံးတင်ပို့နေသည်။ ယင်းလမ်းကြောင်းများမှတင်ပို့ရာတွင် ယခင်ထက် စရိတ်စကပိုများနေကြောင်း လက်ရှိမှာ သစ်သီးဈေးနှုန်းမှာလည်း ဈေးကောင်းရရှိနေကြောင်း မူဆယ်သစ်သီးပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။
ယခင်က ၁၂ ဘီးတစ်စီးလျှင် ကားခငွေကျပ် သိန်း ၂၅- ၃၀ ကုန်ကျသော်လည်း ယခု အခါ မိုင်းရယ်လမ်းကြောင်းသို့ ကားခမှာ ငွေကျပ် သိန်း ၅၀ ခန့် ပေးရကြောင်းသိရသည်။

အောက်တိုဘာလကုန်ပိုင်းရက်များက ဖရဲသီးတစ်တန်လျှင် ယွမ် ၃၅၀၀-၄၀၀၀ ခန့် ပေါက်ဈေးရှိခဲ့ပြီး၊ နိုဝင်ဘာ ၁၀ ရက်နောက်ပိုင်းတွင် ပြည်တွင်းဖရဲသီးများ စတင်ထွက်ရှိလာရာ ပုံမှန်တင်ပို့နေကြလမ်းကြောင်းမှာ လက်ရှိအခြေအနေကြောင့် အခြားနယ်စပ်ဂိတ်ပေါက်များမှ ပြောင်းလဲတင်ပို့ရာ ကုန်ကျစရိတ်လည်း ပိုမိုကုန်ကျနေသည်။

တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခြင်းမရှိပါက ပြည်တွင်းဈေးကွက်တွင်သာ ရောင်းချရမည်ဖြစ်သောကြောင့် ကြီးမြင့်လာသော စိုက်ပျိုးစရိတ်နှင့်သယ်ယူပို့ဆောင်စရိတ်၊ လုပ်သားစရိတ်များကြောင့် တောင်သူများအရှုံးပေါ်နိုင်သည်။ လက်ရှိ တရုတ်နိုင်ငံသို့ ပထမဆုံးအသီးကားများ ဝင်ရောက်နေသော်လည်း ဖရဲသီးကားများပေါက်ဈေးကိုမူ မသိရှိရသေးကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## နယ်စပ်လမ်းကြောင်းများ ပိတ်နေခြင်းကြောင့် ဈေးကွက်အတွင်း တရုတ်အာလူးပြတ်လပ်လာပြီး ဈေးနှုန်း ၂ ဆ ကျော်မြင့်တက်

မြန်မာ၊ တရုတ်နယ်စပ်လမ်းကြောင်းများပိတ်နေခြင်းကြောင့် တရုတ်အာလူးများ ဈေးကွက်အတွင်း ပြတ်လပ်လာမှုများ ရှိလာသဖြင့် တစ်ပိသာ ၄၀၀၀ ကျပ်အထိ ဈေးနှုန်း ၂ ဆကျော်မြင့်တက်လာကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ ကုန်သည်အချို့ကပြောသည်။

တရုတ်အာလူးဈေးသည် ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်တွင် အောက်တိုဘာလ ၂၇ ရက်နေ့တွင် တစ်ပိဿာကို ၁၈၀၀ ကျပ်သာရှိရာမှ အောက်တိုဘာ ၃၁ ရက်နေ့တွင် တစ်ပိဿာ ၃၀၀၀ ကျပ်အထိ ဈေးမြင့်တက်လာသည်။ ဆက်လက်၍ နိုဝင်ဘာလ ၁ ရက်နေ့တွင် ၃၃၀၀ ကျပ်အထိ ထပ်မံမြင့်တက်သကဲ့သို့ လက်ရှိတွင် တစ်ပိဿာကို ၄၀၀၀ ကျပ်အထိ ရောက်ရှိလာသည်။ "တရုတ်အာလူးကလည်း တရုတ်ဘက်ကနေ ၅ စီး၊ ၆ စီးလောက်ဝင်နေမှ၊ ဗမာအာလူးကလည်း ၅ စီးလောက်ပေါ့။ အဝင်နည်းတော့ ဈေးကတက်တယ်၊ တရုတ်တက်တော့ ပြည်တွင်းအာလူးကလည်း လိုက်တက်တယ်" ဟု ဘုရင့်နောင်ကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိတွင် ဈေးကွက်ထဲသို့ တရုတ်ဘက်မှ အာလူးဝင်ရောက်မှုမရှိသဖြင့် တရုတ်အာလူး ပြတ်လပ်သည့်ပွဲရုံများ ရှိလာနေကြောင်းသိရသည်။ တရုတ်-မြန်မာနယ်စပ်ဂိတ်ပေါက်များမှ ကုန်သွယ်မှုမပြုလုပ်နိုင်သည့်အတွက် အောက်တိုဘာလ ၂၇ ရက်နေ့နောက်မှစပြီး တရုတ်ဘက်မှ အာလူးများဝင်ရောက်မလာတော့သဖြင့် ဈေးနှုန်းများထပ်မံမြင့်တက်လာခြင်း ဖြစ်သကဲ့သို့ ပစ္စည်းပြတ်လပ်မှုပါကြုံနေရခြင်းဖြစ်ဟု ကုန်သည်အချို့ကဆိုသည်။ "အာလူးက တရုတ်ဘက်ကအဝင်မရှိတော့ ဈေးကထပ်တက်လာတဲ့သဘောပဲ၊ ရှိတာလေးကိုပဲ ဈေးတင်ရောင်းနေကြတဲ့သဘောရှိတယ်။ အခုကျွန်တော်တို့ဆီမှာ တရုတ်အာလူးပစ္စည်းပြတ်နေပါတယ်။ ရှမ်းအာလူးတွေပဲရှိပါတယ်။ ရှမ်းအာလူးလည်း နည်းနည်းတက်လာပါတယ်"ဟု မန္တလေးမြို့က ပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။

လက်ရှိတွင် ရှမ်းပြည်နယ် အောင်ပန်းမှထွက်သည့် အာလူးဈေးနှုန်းများအနေဖြင့် လက်ကားဈေးသည် မျက်နီ S-2 တစ်ပိဿာ အကြီးအသေးရော ၂၈၀၀ ကျပ်၊ မျက်နီ S-1 ၂၅၀၀ ကျပ်၊ မျက်နီ OK ၂၃၀၀ ကျပ်၊ A1-၁၇၀၀ ကျပ်၊ မားကစ် S-2/

S-1 အရော ၃၅၀၀ ကျပ်၊ မားကစ် S-1/OK အရော ၃၂၀၀ ကျပ်အထိရှိကြောင်း ယနေ့နိုဝင်ဘာလ ၉ ရက်နေ့၏ အောင်ပန်းမြို့ ကုန်စည်ဒိုင်ဈေးနှုန်းများအရ သိရသည်။

တရုတ်အာလူးသည် လက်ရှိလက်လီဈေးကွက်တွင် တစ်ပိဿာကို ၅၀၀၀ ကျပ်မှ စတင်ရောင်းချနေပြီး ရှမ်းအာလူးကမူ တစ်ပိဿာကို ၃၅၀၀ ကျပ်မှစတင်ရောင်းချမှုရှိနေရာ အာလူးအလုံးအကြီး/အသေး၊ အနာအဆာပေါ်မူတည်ပြီး ဈေးနှုန်း ကွာခြားမှုရှိကြောင်းသိရသည်။

**Source: AMIA**

https://t.me/htwettoe

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၆-၁၁-၂၀၂၃ မှ ၁၀-၁၁-၂၀၂၃) အတွင်း ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2023 Crop) ကျပ် ၂၈၆၇၅၀၀၊ မတ်ပဲ SQ/RC (2023 Crop) ကျပ် ၃၁၃၇၅၀၀ နှင့် ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၃၉၀၀၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2023 Crop) ကျပ် ၂၅၀၀ နှင့် မတ်ပဲ SQ/RC (2023 Crop) ကျပ် ၂၂၅၀၀ ဈေးကျဆင်းခဲ့ပြီး ပဲစင်းငုံ Red/RC (2023 Crop) မှာဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၃၅ လုံး (တန်ချိန် ၈၄၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၃၅ လုံး(တန်ချိန် ၈၄၀)ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ်(သစ်) AC ကျပ် ၉၀၀၀၊ မြှားနီ ကျပ် ၉၀၀၀၊ အိမ်မဲ ကျပ် ၇၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၆၀၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၆၀၀၀ ဈေး အသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ငရုတ်ရှည် အိတ်ပေါင်း ၁၇၀၀ (၃၄၀၀၀ ပိဿာ)နှင့် ငရုတ်ပု အိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၂၀၀၀ (၄၀၀၀၀ ပိဿာ)နှင့် ငရုတ်ပု အိတ်ပေါင်း ၂၀၀ (၃၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၃၀၀ ( ၆၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၁၀၀( ၁၅၀၀ ပိဿာ )ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁၂၅၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၂၅၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးဈေးများငြိမ်လျက်ရှိကြောင်းသိရသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သောထန်းလျက်၊ကြံသကာနှင့်သကြား(တစ်ပိဿာ)ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒုံး) ကျပ် ၃၉၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၄၅၀၀၊ ပခုက္ကူကြမ်း ကျပ် ၄၀၀၀၊ ရေစကြိုထန်းလျက်(ချော)ကျပ် ၅၆၀၀၊ ကြံသကာ(စစ်) ကျပ် ၄၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၈၂၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၁၀၀၊ ကြံသကာ(စစ်) ကျပ် ၅၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၂၀ ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများ ဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလက ကွမ်းသီးအနု အလုံးရေ ၁၈ သိန်းထိ တင်ပို့ရောင်းချခဲ့ရ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကွမ်းသီးအနု အလုံးရေ ၁၈ သိန်းထိတင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်က ပြောပြ၍သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက ကွမ်းသီးအနုအလုံးရေ ၁၂ သိန်းထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလ ၁ ရက်နေ့မှ ၃၁ ရက်နေ့ထိ ကွမ်းသီးအနုအလုံးရေ ၁၈ သိန်းထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါကွမ်းသီးအနုများ တင်ပို့မှုအားကောင်းလာခြင်းသည် ပြည်ပဈေးကွက်က ကွမ်းသီးအနုများဝယ်ယူမှု အားကောင်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ပြည်ပဈေးကွက်က အမှာကုန်များလာလို့ ရန်ကုန်ဘက်ကို ကွမ်းသီးအနုအများအပြား တင်ပို့နေရတာဖြစ်ပါတယ်။ တင်ပို့နေရတဲ့ ကွမ်းသီးအနုကတော့ အရည်အသွေးကောင်းဖို့၊ သန့်ရှင်းဖို့လည်းလိုပါတယ်။ လက်ရှိ ကွမ်းသီးအနုအလုံး ၁၀၀၀ ကို ငွေကျပ် ၅၅၀၀၀ ထိဈေးပေါက်နေပါတယ်။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနေပါတယ်။ ကွမ်းသီးအနုရဲ့ ပြည်ပအဓိကဈေးကွက်က တရုတ်နိုင်ငံပါ။ လက်ရှိ ကွမ်းသီးအနုတွေ အရောင်းအဝယ်ဖြစ်နေတော့ ကွမ်းသီး စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူတွေ လုပ်ငန်းလည်ပတ်နေပါတယ်" ဟု ဘိုကလေးမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံ ပိုင်ရှင်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှထွက်ရှိသည့် ကွမ်းသီးအနုများကို ကုန်သည်များက ကွမ်းသီးခြံများသို့ သွားရောက်ပြီး စနစ်တကျရွေးချယ်ဝယ်ယူထုပ်ပိုးကာ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခင်က ကွမ်းသီးအနု၊ အရင့်ဈေးကွက်နှစ်မျိုးသာရှိပြီး ယခုအခါ ရင့်မှည့်ချိန်ထိ စောင့်ဆိုင်းရောင်းချရန်မလိုဘဲ ကွမ်းသီးအနုများ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ၂၀၂၃ ခုနှစ်၊ တတိယသုံးလပတ်တွင် ဟောင်ကောင်ဒေသ စီးပွားရေးတိုးတက်မှုနှုန်း ၄ ဒသမ ၁ ရာခိုင်နှုန်းရှိ

၂၀၂၃ ခုနှစ်၊ တတိယသုံးလပတ်တွင် ဟောင်ကောင်ဒေသ၏ အမှန်တကယ် ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) ၄ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ခြင်းနှင့်အတူ ဒေသ၏စီးပွားရေး ဆက်လက်ဦးမော့လျက်ရှိကြောင်း ဟောင်ကောင် ဒေသအစိုးရ ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသသို့ ခရီးသွားလာရောက်မှုနှင့် တစ်ဦးချင်းသုံးစွဲမှုသည် ယခုသုံးလပတ် စီးပွားရေးတိုးတက်မှုအတွက် အဓိကတွန်းအားဖြစ်ကြောင်းနှင့် ယခုနှစ်ကျန်ရှိသည့် ကာလအတွက်လည်း ဆက်လက်အထောက်အပံ့ဖြစ်သွားမည်ဟု ဒေသအစိုးရကခန့်မှန်းထားကြောင်း သန်းခေါင်စာရင်းနှင့်စာရင်းအင်းဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

သုံးလပတ်အလိုက်နှိုင်းယှဉ်ပါက လက်ရှိသုံးလပတ်အတွင်း ဟောင်ကောင်ဒေသ၏စီးပွားရေး ၀ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ပြီးခဲ့သည့်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၂၀၂၃ ခုနှစ် တတိယသုံးလပတ်အတွင်း တစ်ဦးချင်းသုံးစွဲမှု ၆ ဒသမ ၃ သုံးရာခိုင်နှုန်း မြင့်တက်လာခဲ့သော်လည်း၊ အစိုးရအသုံးစရိတ် ၄ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ယခုသုံးလပတ်အတွင်း ဟောင်ကောင်ဒေသ၏ ဝန်ဆောင်မှုကဏ္ဍ ပို့ကုန်/သွင်းကုန် သိသိသာသာမြင့်တက်ခဲ့ပြီး ယခင်နှစ် အလားတူကာလထက် ၂၃ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၂၈ ဒသမ ၃ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။ သို့သော် ကုန်သွယ်မှုပိုင်းတွင် စုစုပေါင်း ပို့ကုန်/သွင်းကုန်သည် ယခင်နှစ်ကထက် ၈ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၅ ဒသမ ၉ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ပါသည်။

မိသားစုဝင်ငွေမြင့်တက်နေမှုနှင့် Night Vibes Hong Kong ကဲ့သို့သော အစိုးရ၏ထောက်ပံ့ရေး ဆောင်ရွက်ချက်များကြောင့် တစ်ဦးချင်းသုံးစွဲမှု မြင့်တက်လာသော်လည်း ဟောင်ကောင်ဒေသ ပြင်ပစီးပွားရေးအခြေအနေများကြောင့် ကုန်စည်တင်ပို့မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့်သုံးစွဲမှုအခြေအနေတို့အပေါ်တွင် သက်ရောက်မှုဆက်လက်ရှိနေမည်ဖြစ်သည်ဟု ဟောင်ကောင်ဒေသအစိုးရ စီးပွားရေးပညာရှင်ဖြစ်သူ Adolph Leung က ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသအစိုးရအနေဖြင့် ဒေသပြင်ပတွင်ဖြစ်ပေါ်နေသည့် အခြေအနေအပေါ်မူတည်၍ ၂၀၂၃ ခုနှစ် တစ်နှစ်လုံး အတွက် စီးပွားရေးတိုးတက်မှုခန့်မှန်းချက်ကို ၄-၅ ရာခိုင်နှုန်းရှိမည်ဟု ဩဂုတ်လအတွင်း၌ ခန့်မှန်းထားခဲ့ရာမှ ၃ ဒသမ ၂ ရာခိုင်နှုန်းသို့ ပြောင်းလဲခန့်မှန်းခဲ့ကြောင်းစသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး၊ ဟောင်ကောင်မြို့**

## STOCK EXCHANGE (14.11.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 14th Nov. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,237 (Shares) | 23,160,050 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,600 | 8,800 | 8,600 | 1,006 | 8,651,800 | 33,109,694 | 291,365 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,850 | 2,900 | 2,850 | 2,972 | 8,540,550 | 38,929,150 | 112,895 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 1,600 | -50 | -3.03% | 1,600 | 1,600 | 1,600 | 354 | 566,400 | 29,664,613 | 47,463 |
| TMH | 00005 | 2,400 | -50 | -2.04% | 2,400 | 2,400 | 2,400 | 400 | 960,000 | 12,823,224 | 30,776 |
| EFR | 00006 | 2,100 | +50 | +2.44% | 2,050 | 2,100 | 2,050 | 376 | 780,800 | 19,977,223 | 41,952 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,800 | 4,900 | 4,800 | 13 | 63,300 | 10,497,598 | 51,438 |
| MAEX | 00008 | 1,700 | -50 | -2.86% | 1,700 | 1,700 | 1,700 | 2,116 | 3,597,200 | 23,804,946 | 40,468 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 14th Nov. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 370.34 | -1.23 | -0.33% | 370.59 | 370.59 | 365.50 | 7,237 | 23,160,050 | 8 | 698,525 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 14th Nov. 2023

| Trading Volume | Trading Value |
|---|---|
| 7,237 (Shares) | 23,160,050 (MMK) |

### Main Board

As of 1:00 pm, 14th Nov. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,237 (Shares) | 23,160,050 (MMK) |

| MYANPIX | 370.34 |
|---|---|
| | ▼ 1.23 |
| Total Volume (shares) | 7,237 |
| Total Value (MMK) | 23 mil |
| Listed Company | 8 |
| Market Cap. (MMK) | 698,525 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,600 | ▼ 50 |
| TMH | 00005 | 2,400 | ▼ 50 |
| EFR | 00006 | 2,100 | ▲ 50 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,700 | ▼ 50 |